# နိုင်ငံရေးအဖွဲ့အချို့ အမျိုးသားညီလာခံအပေါ်မူတည်ကာရွေးကောက်ပွဲဝင် မဝင်ဆုံးဖြတ်မည်ဟုသိရ

° အမျိုးသားနိုင်ငံရေးအင်အားစုများပါဝင်သည့် နိုင်ငံရေးအဖွဲ့အချို့သည် အမျိုးသားညီလာခံအပေါ်မူတည်၍ ရွေးကောက်ပွဲဝင် မဝင် ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။ ဝံသာနု NLD၊ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစု၊ နိုင်ငံရေးဘောဂဗေဒလေ့လာရေးမျိုးဆက်သစ်ကျောင်းတော်သားစု စသည်ဖြင့် နိုင်ငံရေးအဖွဲ့အချို့သည် အမျိုးသားညီလာခံ၏ ဆုံးဖြတ်ချက်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်အပေါ် မူတည်ပြီး ရွေးကောက်ပွဲ ဝင်မဝင်ဆုံးဖြတ်သွားမည်ဟု ကော့မှူးမြို့နယ်တွင် ပြုလုပ်သည့် ရှင်းလင်းပွဲမှ သိရသည်။ " ကျွန်တော်တို့ ဝံသာနု NLD အနေနဲ့ကတော့ အသစ်ထွက်ပေါ်လာမဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ပေါ် မူတည်ပြီးမှ ရွေးကောက်ပွဲ ဝင်မဝင် ဆုံးဖြတ်ပါမယ်" ဟု ယင်းအဖွဲ့မှ ဒေါက်တာစိုးလင်းက ပြောကြားသွားခဲ့သည်။ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစု အထွေထွေအတွင်းရေးမှူး ဦးထွန်းအောင်ကျော်(အောင်မိုးစံ)ကလည်း " ကျွန်တော်တို့အဖွဲ့အနေနဲ့လည်း အမျိုးသားညီလာခံရဲ့ ဆုံးဖြတ်ချက်ပေါ်မူတည်ပြီးမှ နိုင်ငံရေးပါတီအဖြစ် ဆက်သွားမသွား၊ ရွေးကောက်ပွဲ ဝင်မဝင် ဆုံးဖြတ်သွားပါမယ် " ဟု ပြောကြားသွားခဲ့သည်။ နိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုအနေနဲ့ဖြင့်လည်း ထိုနည်းအတိုင်းပင် အမျိုးသားညီလာခံ ဆုံးဖြတ်ချက်ပေါ် မူတည်ကာ ရှေ့ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။